**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့**
**သတင်းထုတ်ပြန်ချက်**

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၂၄ရက်

Index: ASA 16/3378/2020

## မြန်မာ - အစိုးရသစ်အနေဖြင့် လူ့အခွင့်အရေးပြုပြင်ပြောင်းလဲမှုများကို ဦးစားပေးလုပ်ဆောင်ပြီး စစ်တပ်၏ ချိုးဖောက်မှုများကို ဟန့်တားရမည်။

မြန်မာနိုင်ငံတွင် လောလောလတ်လတ် ရွေးကောက်တင်မြှောက်ခံထားရသော အစိုးရသစ်သည် ၎င်းတို့၏ ပထမသက်တမ်းအတွင်း ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နိုင်ခဲ့ခြင်း မရှိသည့်အတွက် ယခုအကြိမ်တွင် လူ့အခွင့်အရေးပြုပြင်ပြောင်းလဲမှုများကို ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ယနေ့ ပြောကြားလိုက်သည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် အစိုးရသစ်အား အချက် ၁၁ချက်ပါဝင်သော လူ့အခွင့်အရေးအစီအစဉ်အား တင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်များအားလုံးအားလည်း လူတိုင်းအတွက် လူ့အခွင့်အရေးများကို လေးစားမှုမြှင့်တင်ရန် အတိအလင်း ကတိကဝတ်ပြုကြရန် တိုက်တွန်းပါသည်။ လူ့အခွင့်အရေးအစီအစဉ် အပြည့်အစုံကို **ဤနေရာတွင်** ရယူနိုင်ပါသည်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်ဒီ) ဟာသူတို့ရဲ့ ဒုတိယသက်တမ်းမှာ အရေးပါတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို လုပ်နိုင်ဖို့ အရေးကြီးတဲ့ အခွင့်အရေးရရှိထားတာဖြစ်ပါတယ်။"ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အာရှ ပစိဖိတ်ဒေသဆိုင်ရာ ဒါရိုက်တာ ယာမီနီမီရှရာက ပြောပါသည်။

"သူတို့ရဲ့ တက်ကြွလှုပ်ရှားမှုတွေအတွက် အရင်က အရင်းအနှီးကြီးကြီး ပေးဆပ်ခဲ့ရတယ်။ ပါတီဝင် အတော်များများ ကိုယ်တိုင်ကလည်း ယုံကြည်ချက်ကြောင့်အကျဉ်းကျခံရသူ
တွေ ဖြစ်ခဲ့ကြဖူးတယ်။ ဒါကြောင့် အန်အယ်ဒီအနေနဲ့ လူ့အခွင့်အရေးကို အလေးပေးတဲ့ အရေးကြီးတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို သူတို့ရလိုက်တဲ့ ပြည်သူကပေးတဲ့ အခွင့်အာဏာသစ်ကို သုံးပြီး လုပ်ဖို့ အချိန်ကောင်းပါပဲ။"

၂၀၂၀ ခုနှစ် နိုဝင်ဘာ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုဝင်ဘာလ ၈ ရက်နေ့က

ပြုလုပ်ခဲ့သော ရွေးကောက်ပွဲတွင် လွှတ်တော်နှစ်ရပ်စလုံးအတွက် ကျင်းပသော မဲဆန္ဒနယ် ၄၉၈ နေရာအနက် ၃၉၆ နေရာတွင် အနိုင်ရခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ ပါလီမန်အသစ်စတင်ကျင်းပသော ၂၀၂၁ ခုနှစ် နှစ်ဆန်းတွင် အစိုးရအဖွဲ့သစ်ကိုလည်း ဖွဲ့စည်းမည်ဖြစ်သည်။

စစ်တပ်မှ ရေးဆွဲခဲ့သော အခြေခံဥပဒေအရ ပါလီမန်အတွင်း ကိုယ်စားလှယ်နေရာစုစုပေါင်း ၆၆၄ နေရာအနက် လေးပုံတစ်ပုံဖြစ်သော ၁၆၆ နေရာကို စစ်တပ်ကိုယ်စားလှယ်များက ရယူထားကြသည်။ နိုဝင်ဘာ ၈ရက်နေ့တွင် ကျင်းပသော ရွေးကောက်ပွဲတွင် ရိုဟင်ဂျာလူမျိုးများ မဲပေးခွင့်မရဘဲ ချန်ထားခံခဲ့ရသည်။ ထို့အပြင် ဆန္ဒမဲပေးခြင်းကို စစ်ပွဲများဖြစ်ပွားနေသော ရခိုင်ပြည်နယ်အတွင်းရှိ ဒေသအချို့အပါအဝင် လူနည်းစုတိုင်းရင်းသား နေရာအတော်များများတွင် ကျင်းပနိုင်ခဲ့ခြင်းမရှိသဖြင့် ရခိုင်ပြည်နယ်တွင် ရခိုင်လူမျိုး တစ်သန်းခွဲခန့် မဲပေးခွင့်မရခဲ့ကြပေ။

၂၀၁၅ နိုဝင်ဘာလတွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြတ်အသတ်အနိုင်ရခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အစိုးရဖြစ်လာခဲ့သည်။

"သူ နိုင်ငံခေါင်းဆောင်အဖြစ် တာဝန်ယူတဲ့ ပထမ သက်တမ်းမှာတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အစိုးရဟာ လူ့အခွင့်အရေးအခြေအနေတွေ တိုးတက်လာအောင် လုပ်ဖို့ ဘယ်လောက် ဆန္ဒနည်းပါးတယ်ဆိုတာကို အံ့သြလောက်စရာ တွေ့ခဲ့ရပါတယ်။ စစ်တပ်ကို အာဏာတွေ အများကြီးပေးထားတဲ့ အခြေခံဥပဒေအကန့်အသတ်တွေ ရှိနေတယ်ဆိုပေမဲ့ အန်အယ်ဒီဟာ ဖိနှိပ်တဲ့ ဥပဒေတွေကို ပြန်လည် သုံးသပ်၊ ပယ်ဖျက် ပြင်ဆင်တာတွေလုပ်နိုင်ဖို့ လိုအပ်တဲ့ အများစုနေရာ ရရှိထားခဲ့တာပါ။" ဟု ယာမီနီမီရှရာက ဆိုသည်။

"အဲဒီဥပဒေတွေမှာ အတော်များများက စစ်အုပ်ချုပ်ရေးကာလက ဥပဒေတွေဖြစ်ပြီး မြန်မာနိုင်ငံရဲ့ ထိတ်လန့်စရာ လူ့အခွင့်အရေးမှတ်တမ်းတွေအတွက် အဓိက ထောက်ပံ့ပေးနေခဲ့တာတွေဖြစ်တဲ့အတွက် အခုအချိန်မှာတော့ သူတို့ကို ရာဇဝင်စာအုပ်တွေထဲမှာပဲ ချန်ထားခဲ့ဖို့ကောင်းပါပြီ။"

## ဖိနှိပ်တဲ့ ဥပဒေတွေကို ပြုပြင်ပြောင်းလဲဖို့ အချိန်ရောက်ပြီ

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ လူ့အခွင့်အရေးအစီအစဉ်တွင် အစိုးရအနေနှင့် လုပ်ဆောင်ရမည့် အဓိက ဥပဒေရေးရာပြုပြင်လဲမှုများကို ထောက်ပြထားသည်။ ယင်းတို့အထဲတွင် မိမိတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် အခွင့်အရေးများကို အသုံးပြုသူများကို ဖမ်းဆီး၊ တရားစွဲဆို၊ ထောင်ချရာတွင်အသုံးပြုသော ဖိနှိပ်သည့် ဥပဒေအမျိုးမျိုးကို ပြုပြင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ ပါဝင်သည်။

အရေးပါသော ဥပဒေရေးရာပြုပြင်ပြောင်းလဲမှုများတွင် အမျိုးသမီးအခွင့်အရေးများနှင့် ကျားမတန်းတူညီမျှရေးတို့ကို ရရှိရန်၊ LGBTI လိင်စိတ်ကွဲပြားသူများ၏ အခွင့်အရေးများကို ကာကွယ်ပေးသော ပြောင်းလဲမှုများနှင့် သေဒဏ်ပြစ်ဒဏ်ကို ပယ်ဖျက်ခြင်းများလည်း ပါဝင်ရန်လိုအပ်သည်။

"တက်ကြွလှုပ်ရှားသူတွေကို စိတ်ထင်သလိုဖမ်းဆီး တရားစွဲဆို ထောက်ဒဏ်ပြစ်ဒဏ် ချမှတ် အရေးယူနေတာတွေကနေ လူနည်းစုတွေကို ခွဲခြားဆက်ဆံခွင့် ဥပဒေအရ တရားဝင်ခွင့်ပြုထားတာတွေ ရှိနေတဲ့အတွက် လူ့အခွင့်အရေးပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ကတော့ အရေးတကြီး လိုအပ်နေပါတယ်" ဟု ယာမိနီမီရှရာက ပြောပါသည်။

"ဥပဒေရေးရာပြုပြင်ပြောင်းလဲရေးတွေအပြင် အစိုးရသစ်အနေနဲ့ လူ့အခွင့်အရေးကို အလေးပေးတဲ့ အုပ်ချုပ်ရေးအမိန့်တွေလည်း ပြုလုပ်နိုင်ပါတယ်။ မိမိရဲ့ လူ့အခွင့်အရေးတွေကို ငြိမ်းချမ်းစွာ ရယူကျင့်သုံးရုံနဲ့ အကျဉ်းကျခံထားရသူတွေအားလုံးကို ခြွင်းချက်
မရှိ ချက်ချင်း ပြန်လွှတ်ပေးတာမျိုးပါ။"

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ ၂၀၂၀ ခုနှစ်အတွင်းထုတ်ဝေခဲ့သော အစီရင်ခံစာ "အရှုံးပေးမည် မဟုတ်" - မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကာကွယ်သူများနှင့် တက်ကြွလှုပ်ရှားသူများကို ရာဇဝတ်မှုဖြင့် စွဲဆိုနေခြင်း တွင် လူပေါင်း ၅၈ ယောက်ကို စိတ်ထင်သလို၊ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ဖမ်းဆီး တရားစွဲဆို ထောင်ချခဲ့သော အမှု ၁၆ မှုတို့ကို မီးမောင်းထိုးပြထားသည်။

ပြည်တွင်း အရပ်ဖက်အဖွဲ့အစည်းတစ်ခု ဖြစ်သည့် အသံအဖွဲ့၏ ခန့်မှန်းချက်အရ ၂၀၁၉ ခုနှစ်တစ်နှစ်ထဲတွင် အနည်းဆုံး လူ ၃၃၁ ဦးတို့မှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ဆက်စပ်သောအမှုများဖြင့် တရားစွဲဆိုခံခဲ့ရသည်ဟု ဆိုသည်။

**စစ်တပ်ဘက်မှ တာဝန်ခံ တာဝန်ယူမှု**

ပြီးခဲ့သည့်နှစ်ပိုင်းများအတွင်းက ရခိုင်၊ ချင်း၊ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အရပ်သားများအပေါ် ခွဲခြားမှုမရှိပဲ တိုက်ခိုက်မှုများကြောင့် သေကြေဒဏ်ရာရမှုများ၊ ဥပဒေလက်လွတ်သတ်ဖြတ်မှုများ၊ အစဖျောက်မှုများ၊ စိတ်ထင်သလို ဖမ်းဆီး ချုပ်နှောင်မှုများ၊ နှိပ်စက်ညှဉ်းပန်းခြင်းများ၊ အဓမ္မလုပ်အားပေးခိုင်းစေမှုများ၊ ပစ္စည်းဥစ္စာများ လုယက်သိမ်းဆည်းမှုများ အများအပြား ဖြစ်ပွားခဲ့ခြင်းကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းများရရှိခဲ့သည်။

ထို့အပြင် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များက မြန်မာစစ်တပ်က ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာများအပေါ် ရက်စက်စွာပြုလုပ်ခဲ့သော စစ်ဆင်ရေးများအတွင်း သတ်ဖြတ်ခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ နှိပ်စက်ခြင်း၊

ရာနှင့်ချီသောရွာများကို မီးရှို့ခြင်း၊ ရိုဟင်ဂျာ သိန်းချီပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ထွက်ပြေးရခြင်းများအပါအဝင် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သော ကျူးလွန်မှုများအတွက် ယခုအခါ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး အိုင်စီစီ နှင့် နိုင်ငံတကာတရားရုံး အိုင်စီဂျေတို့တွင် တရားစွဲဆို အရေးယူမည့် အစီအစဉ်များ စတင်နေပြီဖြစ်သည်။ ကုလသမဂ္ဂ၏ အချက်အလက်ရှာဖွေရေးအဖွဲ့ကလည်း လူမျိုးတုန်းသတ်ဖြတ်မှုစွဲချက်ဖြင့် စစ်တပ်အရာရှိကြီးများကို စုံစမ်းစစ်ဆေး၍ အရေးယူရန် တိုက်တွန်းထားပါသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်း ရှိနေသော ရိုဟင်ဂျာများမှာလည်း လူမျိုးခွဲခြားကန့်သတ်မှု အခြေအနေများတွင် နေထိုင်နေရသည်။ ၎င်းတို့၏ လွတ်လပ်စွာသွားခွင့်၊ ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်နှင့် သက်မွေးဝမ်းကျောင်းအခွင့်အလမ်းများမှာ တင်းကျပ်စွာ ကန့်သတ်ခံထားရသည်။

အာဏာပိုင်များသည် ကုလသမဂ္ဂစုံစမ်းစစ်ဆေးသူများကို လာရောက်ခွင့်မပြုပဲ ပြည်တွင်း ဥပဒေအရ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေသည်ဆိုပြီးသာ ပြောကြားခဲ့သည်။ သို့ရာတွင် ယင်းစုံစမ်းစစ်ဆေးမှုများမှာ နိုင်ငံတကာစံချိန်စံညွှန်းများထက် များစွာနိမ့်ကျနေပါသည်။ အထူးသဖြင့် မြန်မာစစ်တပ်သည် အရပ်ဖက် အုပ်ချုပ်မှုအောက်တွင် ရှိမနေပဲ စစ်တပ်၏ အဖွဲ့တွင်း စုံစမ်းစစ်ဆေးမှုများမှာလည်း ပွင့်လင်းမြင်သာမှု လုံးဝမရှိပါ။

ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သော စွပ်စွဲချက်များကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကလည်းပယ်ချခြင်း၊ လျှော့ပေါ့ပြောဆိုခြင်းများ ပြုလုပ်ခဲ့သည်ကို ၂၀၁၉ ဒီဇင်ဘာလက အပြည်ပြည်ဆိုင်ရာတရားရုံး အိုင်စီဂျေတွင် သူကိုယ်တိုင် မြန်မာနိုင်ငံအစိုးရကို ကိုယ်စားပြု လာရောက်ထွက်ဆိုစဉ်က တွေ့ခဲ့ရသည်။

“ရခိုင်မှာ ရှိတဲ့ ရိုဟင်ဂျာတွေရယ်၊ ရခိုင်၊ ချင်း၊ ကချင်နဲ့ ရှမ်းပြည်မြောက်ပိုင်းဒေသတွေက အရပ်သားတွေအပေါ် ရက်စက်မှုတွေ ကျူးလွန်ခဲ့မှုမှာ စစ်တပ်က အဓိက တာဝန်ရှိပါတယ်” ဟု ယာမီနီမီရှရာကဆိုသည်။

“ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အန်အယ်ဒီအနေနဲ့လည်း ဒီစွပ်စွဲချက်တွေကို ဖော့ပြော လျှော့ပြောပြီး တရားမျှတရေးအတွက် လုပ်နေတာတွေကို ဟန့်တားတာ၊ စစ်ဗိုလ်ချုပ်ကြီးတွေကို တာဝန်ခံခိုင်းတာ မဖြစ်ရအောင် အကာအကွယ်ပေးနေတာတွေ ရပ်ရပါမယ်။ အချက်အလက်ရှာဖွေရေးအဖွဲ့နဲ့ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေး အထူးကိုယ်စားလှယ်အပါအဝင် ကုလသမဂ္ဂရဲ့စုံစမ်းစစ်ဆေးသူတွေကို သူတို့အလုပ်လာလုပ်လို့ မရအောင် ဟန့်တားတာမျိုး လုပ်ခဲ့တာက ဆိုးဝါးစွာအံ့အားသင့်ဖို့ ကောင်းပါတယ်။ အခု အစိုးရသစ်အနေနဲ့တော့ သူတို့အမြန်ဆုံးလာရောက်နိုင်အောင် ခွင့်ပြုရပါမယ်။”

**လူသားချင်းစာနာမှုဆိုင်ရာထောက်ကူမှု အရေးပေါ်အခြေအနေများ**

ရခိုင်၊ ချင်းနှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် အရပ်သားများအပေါ် ဆိုးဆိုးဝါးဝါးထိခိုက်မှုများဖြစ်အောင် မြန်မာစစ်တပ်က ဆက်လက်ပြုလုပ်နေဆဲဖြစ်သည်။ တိုက်ပွဲများကြောင့် ယင်းဒေသများနှင့် ကချင်ပြည်နယ်တွင် ပြည်သူ သုံးသိန်းကျော် အိုးအိမ်စွန့်ခွာထွက်ပြေးနေကြရသည်။

ရခိုင်၊ ချင်း၊ ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် တိုက်ပွဲများကြောင့် အန္တရာယ်နှင့် ရင်ဆိုင်နေကြရသော လူများဆီသို့ လူသားချင်းစာနာထောက်ကူသည့် အကူအညီများသွားရောက်ပေးအပ်မှုကို အရပ်သားအစိုးရအပါအဝင် မြန်မာအာဏာပိုင်များက ကန့်သတ်မှုများ ပြုလုပ်ထားသည်။ ရခိုင်နှင့် ချင်းပြည်နယ်ရှိ ဒေသအချို့တွင် အစိုးရအမိန့်ဖြင့် အင်တာနက်ဖြတ်တောက်မှုများ ပြုလုပ်ထားခြင်းကလည်း တိုက်ပွဲအခြေအနေနှင့် ပတ်သက်၍လည်းကောင်း ကိုဗစ်-၁၉ ကူးစက်မှုနှင့် ပတ်သက်၍လည်းကောင်း သတင်းအချက်များကို ယင်းဒေသများရှိပြည်သူအများအပြား မသိရဘဲ ရှိနေခဲ့သည်။

မြန်မာနိုင်ငံအတွင်းရှိ လူသားချင်းစာနာထောက်ကူရေး လုပ်ငန်းများ လုပ်ဆောင်နေသူများမှာလည်း ပြီးခဲ့သည့် နှစ်ပိုင်းများတွင် ၎င်းတို့၏ လုပ်ငန်းများ လုပ်ဆောင်ရာတွင် အတားအဆီးများ ကြီးကြီးမားမားနှင့် ကြုံခဲ့ကြရသည်။ ယင်းလုပ်ငန်းများထဲတွင် ပြည်တွင်း အိုးအိမ်စွန့်ခွာထွက်ပြေးနေရသူများနှင့် အခြားသူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးသောလုပ်ငန်းများ၊ ရေသန့်နှင့် အစားအစာများ ထောက်ပံ့သော လုပ်ငန်းများလည်း ပါဝင်သည်။

"အရင်မကြုံစဖူး ကြီးမားတဲ့ မျှော်လင့်ချက်လှိုင်းတွေနဲ့ အာဏာရလာပေမယ့် အန်အယ်ဒီဟာ မြန်မာနိုင်ငံရဲ့ သမိုင်းမှာ အမှောင်မဲဆုံး စာမျက်နှာတွေမှာ အဏာရှိသူဖြစ်ခဲ့တယ်"ဟု ယာမီနီမီရှရာက ဆိုသည်။

"မြန်မာနိုင်ငံရဲ့နှစ်ပေါင်းကြာမြင့်ပြီး အသက်တွေကိုလည်း အများကြီးနုတ်ယူခဲ့တဲ့ ပြည်တွင်းပဋိပက္ခတွေဟာ နေ့ချင်းညချင်း ဖြေရှင်းလို့ မရနိုင်ပေမဲ့ အရပ်သားအစိုးရအနေနဲ့ လူသားချင်းစာနာထောက်ကူပေးနေတဲ့ အဖွဲ့တွေရဲ့ မြေပြင်ပေါ်က လုပ်ငန်းတွေလုပ်နိုင်အောင် အခုထက်အများကြီး
ပိုလုပ်ပေးနိုင်တယ်ဆိုတာကတော့ ရှင်းပါတယ်။ အစိုးရသစ်ဟာ
လူသားချင်းစာနာထောက်ကူမှုလုပ်ငန်းတွေကို အပြည့်အဝ အတားအဆီးမရှိခွင့်ပြုပြီး ဒေသခံတွေကို အန္တရာယ်ထဲရောက်စေနိုင်တဲ့ အင်တာနက်ဖြတ်တောက်မှုကို ပြန်ဖွင့်ပေးဖို့လည်း မဖြစ်မနေလိုအပ်ပါတယ်။

"အပြတ်အသတ်အနိုင်ရပြီးတဲ့နောက် အစိုးရသစ်ဟာ စစ်တပ်ရဲ့ချိုးဖောက်ရက်စက်မှုတွေကို ထိန်းချုပ်ဖို့နဲ့ ဖိနှိပ်မှုတွေရဲ့ဥပဒေပိုင်းအဆောက်အဦကို ဖြိုဖျက်ဖို့ သမိုင်းဝင်အခွင့်အာဏာ ရှိနေပြီဖြစ်ပါတယ်။ စစ်တပ်ကို သူတို့ရဲ့ဆိုးဝါးတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ရပ်ဆိုင်းဖို့၊ ကလေးတွေအပါအဝင် အရပ်သားတွေကို ထိခိုက်ဒဏ်ရာရ သေကြေစေနိုင်တဲ့ မခွဲမခြားတိုက်ခိုက်မှုတွေ အဆုံးသတ်ဖို့ ဖိအားပေးတာမျိုး ပိုလုပ်နိုင်ရပါမယ်။ ဒီ အခွင့်အရေးကို အလဟဿဖြစ်သွားအောင် မလုပ်ရပါဘူး။"